# ဗားမောင့်ပြည်နယ် ရေကြီးမှုဆိုင်ရာ ရင်းမြစ်များ၊ ထောက်ပံ့မှုနှင့် လွှဲပြောင်းမှုများ

ဤရင်းမြစ်လမ်းညွှန်ကို ဗားမောင့်ပြည်နယ်သားများ ဆောင်ရွက်ရန် အရေးပါသည်များနှင့် ရနိုင်သည့် ရင်းမြစ်များကို တစ်ပါတည်း ကြည့်ရှုနိုင်ရန် ဖန်တီးထားပြီး သင်လိုအပ်ပါက ဆက်လက်ကြည့်ရှုနိုင်မည့် အသေးစိတ် အချက်အလက်များကို လင့်ခ်များဖြင့် ထည့်သွင်းပေးထားသည်။

**အရေးပေါ် အခြေအနေများအတွက်**- 9-1-1 ကို ဖုန်းခေါ်ဆိုပါ
**ချက်ချင်းကူညီပေးမည့် အခြားရင်းမြစ်များ**-

- **ချက်ချင်းလိုသည့် အထွေထွေ အကူအညီများ-** 2-1-1 ကို ဖုန်းခေါ်ဆိုပါ
- **အရေးပေါ် နားခိုရာ-** 2-1-1 ကို ဖုန်းခေါ်ဆိုပါ သို့မဟုတ် ZIP ကုဒ်အလိုက် နားခိုရာနေရာများ ရှာဖွေရန် www.redcross.org/local/me-nh-vt/get-help.html သို့ သွားရောက်ကြည့်ရှုပါ သို့မဟုတ် 4FEMA (43362) သို့ SHELTER နှင့် သင့် ZIP ကုဒ်တို့ ထည့်သွင်း၍ (ဥပမာ "SHELTER 01234" ဟု) စာတိုပို့ပါ။ စပိန်ဘာသာ သုံးလိုပါက REFUGIO နှင့် သင့် ZIP ကုဒ်ထည့်သွင်း၍ စာတိုပို့ပါ။ ပုံမှန် စာတိုပို့ခနှုန်းထားအတိုင်း ကုန်ကျမည်။ FEMA မိုဘိုင်းအက်ပ် ကို ဒေါင်းလုဒ်ရယူပြီး လက်ရှိဖွင့်သည့် နားခိုရာနေရာများအား ထိုအက်ပ်ဖြင့် ရှာဖွေနိုင်သည်။
- **အကျပ်အတည်းကြောင့် လိုအပ်ချက်များအတွက် အထွေထွေ အိမ်ရာထောက်ပံ့မှု အစီအစဉ် (ဟိုတယ် သို့မဟုတ် မိုတယ်)-** 1-800-775-0506 ကို ဖုန်းခေါ်ဆိုပါ။
- **စိတ်ကျန်းမာရေးဆိုင်ရာ အကူအညီများ** 9-8-8 ကို ဖုန်းခေါ်ဆိုပါ
- **မသန်စွမ်းများအတွက် အကူအညီ-** မသန်စွမ်းမှု၊ လက်လှမ်းမီမှုနှင့် လုပ်ဆောင်မှုဆိုင်ရာ လိုအပ်ချက်များ သို့ သွားရောက်ကြည့်ရှုပါ
- **လယ်သမားများအတွက် ထောက်ပံ့မှု-** နည်းပညာပိုင်း၊ တရားရေးရာ သို့မဟုတ် ဘဏ္ဍာရေး အကူအညီ သို့မဟုတ် အတိုင်ပင်ခံ သို့မဟုတ် လုပ်ငန်းတွင်းကျွမ်းကျင်သူများနှင့် ချိတ်ဆက်နိုင်သည်။ မူလ | FarmFirst
- **FEMA ပုဂ္ဂိုလ်ရေး ထောက်ပံ့မှုသို့ ဆက်သွယ်ရန်**- Sam Harvey, 202-765-9101 သို့မဟုတ် Samuel.Harvey@fema.dhs.gov

## ကနဦးဆောင်ရွက်မှုများ

---

**ရေလွှမ်းမိုးမှုကြောင့် ထိခိုက်ခံရလျှင် ယေဘုယျအားဖြင့် မည်သည်တို့ကို ဆောင်ရွက်ရမည်နည်း-**

လုပ်စရာရှိသည်များ စာရင်းကို အမြန်ပြောရလျှင် နောက်ဆုံးရသတင်းများ မပြတ်ရယူခြင်း၊ မိမိအိမ် ဘေးကင်းစေရန် ဆောင်ရွက်ခြင်း၊ ဓာတ်ပုံများ၊ စာရင်းများ၊ လက်ခံဖြတ်ပိုင်းများ အပါအဝင် ထိခိုက်မှုအားလုံးကို မှတ်တမ်းတင်ခြင်း၊ အာမခံရှိပါက အာမခံကုမ္ပဏီသို့ ဆက်သွယ်ခြင်း၊ ထိခိုက်မှုများအကြောင်း တင်ပြခြင်း၊ ရေနှင့် အစအနများကို ဘေးကင်းစွာ ဖယ်ရှားခြင်းနှင့် ရှင်းလင်းရေးလုပ်ခြင်းတို့ ပါဝင်သည်။ အသေးစိတ်အချက်အလက်များကို အောက်တွင်ဖော်ပြထားပါသည်။

### နောက်ဆုံးရသတင်းများ မပြတ်ရယူပြီး ဘေးအန္တရာယ်များကြောင်း အသိပေးပါ

- အရေးပေါ် သတိပေးချက်များ၊ ယာဉ်လမ်းဆိုင်ရာ အရေးကြီး အချက်အလက်များနှင့် အရေးပါသည့် မိုးလေဝသ သတိပေးချက်များ သင့်ထံတိုက်ရိုက်ပေးပို့မည့် **VTAlert စာတိုများကို စာရင်းပေးရယူပါ။** စာရင်းသွင်းရန် https://vem.vermont.gov/vtalert သို့ သွားရောက်ပါ။
- **လမ်းပိတ်ဆို့မှုဆိုင်ရာ အချက်အလက်များ** - ဝင်ရောက်ကြည့်ရှုရန် www.newengland511.org
- **အန္တရာယ်တွေ့ပါက သတင်းပို့ပါ-** မြေကျွံပေါက်များ၊ မြေပြိုမှုများ သို့မဟုတ် အန္တရာယ်များသည့် သို့မဟုတ် ယိုယွင်းနေသည့် လမ်းပိုင်းအသစ်များ သို့မဟုတ် မှတ်သားမထားသည့် လမ်းပိုင်းများ ကဲ့သို့သော ဘေးအန္တရာယ်သစ်များ တွေ့ပါက 911 သို့ သတင်းပို့ပါ။

### ပျက်စီးမှုများအကြောင်း သတင်းပို့ပါ

အိမ် သို့မဟုတ် လုပ်ငန်း ပျက်စီးမှုများကို ဤလင့်ခ်အသုံးပြု၍ဖြစ်စေ၊ 211 သို့ ဖုန်းခေါ်၍ဖြစ်စေ ဗားမောင့်ပြည်နယ် 211 သို့ သတင်းပို့ပါ။

ဤသို့သတင်းပို့ခြင်းသည် ဗားမောင့်ပြည်နယ်သားများ ပြန်လည်နလန်ထူရန် ဖက်ဒရယ်ရန်ပုံငွေများ ရယူနိုင်ရန် ပြည်နယ်တစ်လွှား ပျက်စီးမှုများကို FEMA သို့ သတင်းပို့နိုင်ရန် တိုင်းတာစောင့်ကြည့်ရန်အတွက် အရေးပါသည်။ အွန်လိုင်းမှဖြစ်စေ (အများအားဖြင့် အမြန်ဆုံးဖြစ်သည်)၊ ဖုန်းခေါ်၍ဖြစ်စေ၊ အချို့နေရာများတွင် အဖွဲ့အစည်းပေါင်းစုံ ရင်းမြစ်လုပ်ငန်းခွင် အမည်ရ နေရာများတွင် တိုက်ရိုက်ဖြစ်စေ အစီရင်ခံ အသိပေးနိုင်သည်။

အဖွဲ့အစည်းပေါင်းစုံ ရင်းမြစ်လုပ်ငန်းခွင်များတွင် အကူအညီပေးမည့် ပြည်နယ်အစိုးရအဖွဲ့များ၊ FEMA နှင့် ပရဟိတ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ရှိပါသည်။ ဤလုပ်ငန်းခွင်များသည် ရက်အနည်းငယ်ကြာလျှင်တစ်ကြိမ် မတူညီသော ရပ်ရွာများသို့ ရွှေ့ပြောင်းလေ့ရှိသည်။ ထိုလုပ်ငန်းခွင်များ သင့်ရပ်ရွာအနီး ရောက်ရှိလာနိုင်ချိန်ကို ဒေသတွင်း သတင်းများ၊ လူမှုမီဒီယာမှ သတင်းများနှင့် ဒေသတွင်း သတင်းအချက်အလက်များမှ စောင့်ကြည့်နိုင်သည်။

## ရှင်းလင်းခြင်း

ရှင်းလင်းရေးလုပ်ရာတွင် သင်ဘေးကင်းရေးသည် အရေးအကြီးဆုံး အစိတ်အပိုင်း ဖြစ်ပါသည်။ ညစ်ညမ်းနေသည့်ရေ၊ လောင်စာ၊ ဆီများ သို့မဟုတ် အခြားဘေးအန္တရာယ်ရှိ ပစ္စည်းများ ရှိပါက ဆက်မလုပ်မီ 1-800-641-5005 သို့မဟုတ် 802-828-1138 ကို ဖုန်းခေါ်ဆိုပါ။

ရှင်းလင်းရေးအတွက် အကူအညီ - ဗားမောင့်ပြည်နယ်တစ်လျှောက် စေလွှတ်ထားပြီး ဆက်လက်လာရောက်မည့် စေတနာ့ဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်းအဖွဲ့များ ရှိပါသည်။ ရှင်းလင်းရေး လုပ်ငန်းစဉ်သည် အချိန်အတန်ကြာ ကြာနိုင်သည်။

- *အဆောက်အဦသည် ဘေးကင်းကြောင်း သေချာပါစေ။* အဆောက်အဦဆိုင်ရာ ဘေးကင်းရေး၊ ဓာတ်ငွေ့/ပရိုပိန်း/လောင်စာဆီ ပြဿနာများ သို့မဟုတ် လျှပ်စစ်ဆိုင်ရာ ဘေးကင်းရေးတို့နှင့် ပတ်သက်ပြီး အကူအညီလိုပါက သင့်ဒေသခံ မီးသတ်ဌာနသို့ ဖုန်းခေါ်ဆိုပါ။
- *စာရွက်စာတမ်း ပျက်စီးမှု* - ပိုင်ဆိုင်မှုများနှင့် အဆောက်အဦ ပျက်စီးမှု အပါအဝင် ထိခိုက်သွားသည်များ၊ ပျက်စီးသွားသည်များကို ဓာတ်ပုံ အမြောက်အများ ရိုက်ယူပြီး စာရင်းပြုစု၍ လက်ခံဖြတ်ပိုင်းများ သိမ်းဆည်းထားပါ။
- *မြေအောက်ခန်းရေဝင်ခြင်း* - သင်မြေအောက်ခန်း သို့မဟုတ် အိမ်အတွင်း ရေဝင်နေပါက ပထမဆုံး ထိုရေကိုထုတ်ရပါမည်။ သင့်ဒေသခံ မီးသတ်ဌာန သို့မဟုတ် ကန်ထရိုက်တာက ရေထုတ်ရာတွင် *အကူအညီပေးနိုင်ပါသည်*။
- ရေစုပ်နေသည့် သို့မဟုတ် ပျက်စီးနေသည့် ပစ္စည်းများ (ပရိဘောဂနှင့် အလားတူပစ္စည်းများ)၊ ပစ္စည်းအစအနများ၊ ရွှံ့ သို့မဟုတ် ဆောက်လုပ်ရေး ပစ္စည်း သို့မဟုတ် စနစ်များ (ကျောက်ပြားများ၊ ကြောင်အိမ်များ၊ ရေအပူပေးစက်များ၊ မီးဖိုများ စသဖြင့်) ကို *ကော်ထုတ်ရမည်။*

ရေလွှမ်းပြီးနောက် ရှင်းလင်းရေးအတွက် အချက်အလက်များကို ကြည့်ရှုရန်-

- [CDC ရေလွှမ်းပြီးနောက် ရှင်းလင်းရေး လမ်းညွှန်ချက်]
- [မြေအောက်ခန်းများမှ ဘေးကင်းစွာ ရေစုပ်ထုတ်နည်း]
- [သင့်အိမ် သို့မဟုတ် လုပ်ငန်းသို့ ပြန်သွားပြီး ရှင်းလင်းရေးလုပ်ခြင်း]
- [ရေလွှမ်းအိမ်များ ရှင်းလင်းရေး လမ်းညွှန်ချက်]

ရှင်းလင်းရေးစရိတ်များကို FEMA က ကူညီထောက်ပံ့ပေးနိုင်သည်။ ဓာတ်ပုံရိုက်ပြီး လက်ခံဖြတ်ပိုင်းများ သိမ်းထားပါ။ နောက်ထပ်အချက်အလက်များကို FEMA အခန်းတွင်ကြည့်ပါ။

**ပစ္စည်းအစအန ဖယ်ရှားခြင်း**

ရွှံ့၊ သစ်ကိုင်းခြောက်၊ ပရိဘောဂ၊ ကိုယ်ရေးကိုယ်တာပစ္စည်းများ အစရှိသည့် ရေလွှမ်းပြီးနောက် ပစ္စည်းအစအနများကို ခွဲခြားပြီး သစ်ပင်များ၊ တိုင်များနှင့် သယ်ယူရခက်ခဲစေမည့် အဆောက်အဦများမှဝေးရာ လမ်းပေါ်မဟုတ်ဘဲ လမ်းနှင့် 10 ပေအတွင်း ပုံထားရမည်။ ပစ္စည်းများကို လျှပ်စစ်ပစ္စည်း၊ အသုံးအဆောင် အကြီးစား၊ ဘေးအန္တရာယ်ရှိ အညစ်အကြေး၊ ဟင်းသီးဟင်းရွက် အစအန၊ အိမ်ထွက်အညစ်အကြေးနှင့် ဆောက်လုပ်ရေးထွက် အစအနများဟူ၍ အမျိုးအစား 6 မျိုး ခွဲခြားထားရမည်။ သင့်ဒေသအစိုးရနှင့် အရေးပေါ်အဖွဲ့များ၏ လမ်းညွှန်မှုများကို လိုက်နာပါ။

*မြူနီစပယ် အရာရှိများထံမှ အချက်အလက်များ-* ကျွန်ုပ်တို့ပြည်နယ်၏ အရေးပေါ် ပစ္စည်းအစအန စီမံခန့်ခွဲရေး/ သယ်ယူရေးနှင့် ပစ္စည်းအစအန စောင့်ကြည့်ရေး စာချုပ်များ စတင်အကျုံးဝင်ပါမည်။ သင့်ရပ်ရွာအတွင်းမှ သုံးနိုင်သမျှ အစွမ်းကုန်သုံးသော်လည်း ဖြည့်ဆည်းနိုင်ခြင်းမရှိသည့် လိုအပ်ချက်များရှိပါက SEOC သို့ ဖုန်းခေါ် ပြီး ပစ္စည်းအစအန စီမံခန့်ခွဲရေးအတွက် သင်လိုအပ်သည်များအကြောင်း အသိပေးလိုက်ပါ။ ရပ်ရွာတစ်ခုက

ပစ္စည်းအစအနများ ကိုယ်တိုင်စီမံကိုင်တွယ်နေသည် ဆိုပါက FEMA ၏ ထောက်ပံ့ကြေးရနိုင်ရန်အတွက် မြို့တွင်းမှ အရာရှိတစ်ဦး သို့မဟုတ် သီးခြား ကန်ထရိုက်တာတစ်ဦးက "ပစ္စည်းအစအန စောင့်ကြည့်ရေး" လုပ်နေရန် လိုပါသည် -- ပစ္စည်းပုံတစ်ခု မည်သည့်နေရာကလာသည်၊ မည်သည့်နေရာကိုသွားမည် ရေးမှတ်စောင့်ကြည့်သူ တစ်ယောက်လိုပါသည်။

## မရှိမဖြစ်လိုအပ်ချက်များနှင့် ဘဏ္ဍာရေးဆိုင်ရာ အကူအညီ

---

### ကျွန်ုပ် နားခိုရာနေရာ သို့မဟုတ် ယာယီအိမ်ရာ လိုအပ်နေသည်

ရေလွှမ်းသည့်အတွက် သင်ယာယီအိမ်ရာ လိုအပ်ပါက အောက်ပါနေရာများတွင် နားခိုရာနေရာများ လက်ရှိဖွင့်လှစ်ထားပါသည်-

- Barre
- Ludlow
- ဗားမောင့် မြောက်ပိုင်းတက္ကသိုလ်
- Rutland

FEMA သည် သင့်ယာယီအိမ်ရာကုန်ကျစရိတ်များအတွက် ကူညီပေးနိုင်ပါသည်။ ယာယီအိမ်ရာထောက်ပံ့မှုများအကြောင်း ထပ်သိလိုပါက [အောက်ပါ ထိခိုက်မှုနှင့် ဘေးအန္တရာယ်ဆိုင်ရာ ကူညီရေးမှ FEMA အခန်းတွင် ကြည့်ပါ။](#)

### အစားအစာ ရယူရန် သို့မဟုတ် စားစရိတ်အတွက် အကူအညီလိုအပ်သည်

သင့်ဒေသတစ်ဝိုက်မှ မြို့ကြီးများ၊ မြို့များနှင့် ကြက်ခြေနီအဖွဲ့ ကဲ့သို့သော ပရဟိတ အဖွဲ့အစည်းများသည် လူများစွာ အာဟာရတိုက်ကျွေးရန် နေရာများ ဖွင့်လှစ်ထားနိုင်သည်။ ထပ်ဆောင်းရင်းမြစ်များတွင် ပါဝင်သည်များ-

- **ပရဟိတ စားနပ်ရိက္ခာအစီအစဉ် ရှာဖွေရန်-** www.vtfoodbank.org/agency-locator သို့ သွားရောက်ပါ။ သို့မဟုတ် 800-585-2265 ကို ဖုန်းခေါ်ဆိုပါ
- **အထွေထွေ စားနပ်ရိက္ခာ ထောက်ပံ့မှု (3 Squares)-** ဤနေရာတွင် လျှောက်ထားပါ သို့မဟုတ် 800-479-6151 ကို ဖုန်းခေါ်ဆိုပါ။
  - FPL ၏ 185% နှင့်အောက်ရှိ အိမ်ထောင်စုများ၊ VT ဝင်ငွေခွန် ခရက်ဒစ် ရရှိသည့် ကလေးရှိ အိမ်ထောင်စုများ။
  - ဆုံးရှုံးမှုရှိခဲ့သည့် လက်ရှိ 3 Squares ဗားမောင့် လက်ခံရရှိသူများအနေဖြင့် 800-479-6151 ကို ဖုန်းခေါ်ဆိုပေးပါ။
- **မိသားစုများနှင့် အသက် 5 နှစ်အထိ ကလေးငယ်များ (WIC)-** healthvermont.gov/family/wic သို့ ဝင်ရောက်ကြည့်ရှုပါ သို့မဟုတ် 802-863-7200 ကို ဖုန်းခေါ်ဆိုပါ
  - အောက်ပါတို့နှင့်ကိုက်ညီလျှင် သင်အကျိုးခံစားခွင့်ရနိုင်သည်-
    - ဗားမောင့်ပြည်နယ်သားဖြစ်ပြီး ကိုယ်ဝန်ရှိနေပါက၊ အသက် 6 လအထိ ရင်ခွင်ပိုက်ကလေး ရှိပါက သို့မဟုတ် နို့ချိုတိုက်ကျွေးဆဲ အသက် 12 လအထိ ကလေးရှိပါက
    - 3SquaresVT (SNAP)၊ Medicaid၊ TANF (နွမ်းပါးသည့် မိသားစုများအတွက် ယာယီအကူအညီ) သို့မဟုတ် မှီခိုကလေးများရှိ မိသားစုများ အစီအစဉ်တို့၏ ဝင်ငွေသတ်မှတ်ချက်များနှင့် ကိုက်ညီပါက သို့မဟုတ် ထိုအစီအစဉ်များတွင် ပါဝင်ပါက။
    - ရေလွှမ်းမိုး၍ ဆုံးရှုံးခဲ့ရသည့် ဇူလိုင်လအတွက် WIC စားနပ်ရိက္ခာ အကျိုးခံစားခွင့်များကို သင့်ဒေသတွင်း WIC ရုံးသို့ ဆက်သွယ်ပြီး ပြန်တောင်းနိုင်ပါသည်။ ရေအထောက်အပံ့ (မြို့တွင်းမှ သို့မဟုတ် ရေတွင်းမှ) ခက်ခဲနေသည့် မိသားစုများအတွက် အသင့်တိုက်နို့ရည်များကိုလည်း ထုတ်ပေးနိုင်သည်။
- **အသက် 60 နှင့်အထက် ဗားမောင့်ပြည်နယ်သားများ (ဘီးတပ်စားနပ်ရိက္ခာအစီအစဉ်)-** 800-642-5119 ကို ဖုန်းခေါ်ဆို၍ အကူအညီတောင်းပါ
  - အသက် 60 နှင့်အထက်ရှိပြီး ခန္ဓာကိုယ်၊ စိတ် သို့မဟုတ် သိမြင်နိုင်စွမ်း ထိခိုက်ချို့ယွင်း၍ ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ အစားအစာများ မယူနိုင်သည့်၊ မချက်ပြုတ်နိုင်သည့် ပုဂ္ဂိုလ်မှန်သမျှ အကျုံးဝင်သည်။

- **နာတာရှည်ဖြစ်သူ သို့မဟုတ် မသန်စွမ်းသူ အသက် 60 အောက် ဗားမောင့်ပြည်နယ်သားများနှင့် (ဘီးတပ်စားနပ်ရိက္ခာအစီအစဉ်)-** vcil.org/services/meals-on-wheels/သို့ ဝင်ရောက်ကြည့်ရှုပါ သို့မဟုတ် 802-224-1823 ကို ဖုန်းခေါ်ဆိုပါ
    - အသက် 60 အောက် နာတာရှည်ရောဂါသည်များ သို့မဟုတ် မသန်စွမ်းသူများ အကျုံးဝင်ပါသည်။
- **ဖြည့်စွက်အာဟာရ အစီအစဉ်-** ဗားမောင့် Foodbank သို့ 800-214-4648 နံပါတ်ဖြင့် ဆက်သွယ်ပါ သို့မဟုတ် CSFP - ဗားမောင့် Foodbank (vtfoodbank.org) သို့ ဝင်ရောက်ကြည့်ရှုပါ။
    - ဆင်းရဲမွဲတေမှုအမှတ်၏ 130% နှင့်အောက်ရှိ အသက် 60 အထက် လူကြီးအားလုံး အကျုံးဝင်သည်။
    - အသက်နှင့် ဝင်ငွေတို့ကို ကိုယ်တိုင်အတည်ပြုခြင်း ဖြစ်ရမည်။

## ပျက်စီးမှုနှင့် ဘေးအန္တရာယ်ဆိုင်ရာ ကူညီရေး

ဗားမောင့်ပြည်နယ်အတွက် သမ္မတ ဘိုင်ဒင်က ဘေးအန္တရာယ် အကြီးစားကျရောက်ကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည့်အတွက် ခွင့်ပြုထားသည့် ခရိုင်များတွင် အကျုံးဝင်သည့် ထိခိုက်မှုများနှင့် ပတ်သက်ပြီး အကျုံးဝင်သည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအနေဖြင့် ဖက်ဒရယ်ရန်ပုံငွေများ ရယူနိုင်ပါသည်။ အောက်တွင် ဤဘေးအန္တရာယ်ကျရောက်ကြောင်း ကြေညာချက်ဆိုင်ရာ အစီအစဉ်များအပြင် ဤဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့် ပတ်သက်ပြီး ထောက်ပံ့ကူညီမည့် အခြားဖက်ဒရယ်နှင့် ပြည်နယ် အစီအစဉ်များအကြောင်း နောက်ထပ်အချက်အလက်များစွာ ဖော်ပြထားသည်။

## ကျွန်ုပ်၏ အိမ် သို့မဟုတ် ပုဂ္ဂိုလ်ရေးပိုင်ဆိုင်မှု ထိခိုက်ပျက်စီးခဲ့သည်။ ကျွန်ုပ်အတွက် မည်သည့်ရင်းမြစ်များ ရနိုင်မည်နည်း။

**အာမခံဆိုင်ရာ လမ်းညွှန်ချက်**

အိမ်ပိုင်ဆိုင်မှု အာမခံ နှင့်/သို့မဟုတ် ရေလွှမ်းမိုးမှု အာမခံတို့ကို ရယူထားပါက သင့်အာမခံကုမ္ပဏီသို့ ဆက်သွယ်ခြင်းသည် အရေးကြီးသော ကနဦးအဆင့်တစ်ခု ဖြစ်ပါသည်။ ဘဏ္ဍာရေး ပြဌာန်းချက်ဌာနသည် အာမခံကြေး တောင်းဆိုရာတွင် အကူအညီဖြစ်မည့် အချက်အလက်များကို ဖော်ပြပေးထားသည်။ ယင်းအချက်အလက်များကို ဤနေရာ တွေ့နိုင်သည်။

**FEMA ပုဂ္ဂိုလ်ရေး ထောက်ပံ့မှု အစီအစဉ်**

ဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် ပုဂ္ဂိုလ်ရေး ထောက်ပံ့မှု အစီအစဉ်အရ အိမ်ပိုင်ရှင်များ၊ အိမ်ငှားများနှင့် အခြားပုဂ္ဂိုလ်များ (လုပ်ငန်းမဟုတ်သရွေ့) သည် အာမခံ သို့မဟုတ် အခြား ထောက်ပံ့မှုပုံစံများဖြင့် ဖြည့်ဆည်းနိုင်မည်မဟုတ်သည့် မဖြစ်မနေ ကုန်ကျစရိတ်များနှင့် အရေးကြီး လိုအပ်ချက်များအတွက် ထောက်ပံ့ငွေတောင်းနိုင်သည်။ ကြေညာချက်တွင် လက်ရှိ Chittenden၊ Lamoille၊ Rutland၊ Washington၊ Windham နှင့် Windsor ခရိုင်များ ပါဝင်သော်လည်း နောက်ထပ်ခရိုင်များကို အကဲဖြတ်လျက်ရှိပြီး ရှေ့ဆက်၍ ပါဝင်လာနိုင်သည်။

FEMA တင်ပြချက်များ၊ တောင်းဆိုမှုများနှင့် ရန်ပုံငွေများ

၎င်းတို့သည် FEMA သို့ တိုက်ရိုက်တောင်းဆိုမှုဖြစ်၍ 211 တင်ပြချက်နှင့် မတူသည့် သီးခြားလုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။ သင့်ခရိုင်အတွက် ဘေးအန္တရာယ် ကျရောက်ကြောင်း ဖက်ဒရယ်ကြေညာချက် ရရချင်း တောင်းဆိုလွှာများ တင်နိုင်ပါသည်။ FEMA က ကြေညာချက်ထုတ်ပြန်ရန် သတင်းအချက်အလက် လုံလောက်သည်အထိ ရရှိချိန်တွင် ကြေညာချက်ကို ထုတ်ပြန်ပေးမည်။ အောက်ပါအချက်အလက်များသည် ကိုးကားရန် အတိုချုံးထားခြင်းသာ ဖြစ်ပါသည်။ တောင်းဆိုလွှာတင်ရန်နှင့် အသေးစိတ် အချက်အလက်များ သိနိုင်ရန် www.disasterassistance.gov သို့ ဝင်ရောက်ပါ သို့မဟုတ် 800-621-3362 ကို ဖုန်းခေါ်ဆိုပါ။

FEMA အဖွဲ့များသည်လည်း ရပ်ကွက်များအတွင်း တစ်အိမ်ဝင် တစ်အိမ်ထွက် သွားရောက်လျက်ရှိသည်။ ၎င်းတို့သည် ထိခိုက်မှု ဆန်းစစ်ချက်များကိုလည်း ဆောင်ရွက်နေပါသည်။ FEMA အဖွဲ့ဝင်တိုင်းတွင် FEMA မှ ထုတ်ပေးသည့် သက်သေခံကတ် ပါရှိမည်။

FEMA ထောက်ပံ့မှု အမျိုးအစားများတွင် အောက်ပါတို့ ပါဝင်နိုင်သည်-

- **အိမ်ပြင်ဆင်ခြင်း သို့မဟုတ် အသစ်လဲခြင်း-** ဘေးအန္တရာယ်ကြောင့် ဖြစ်ရသည့် အာမခံမရှိသော ထိခိုက်မှုများကို ပြင်ဆင်ရန်၊ အသစ်လဲရန် သို့မဟုတ် ပြန်ဆောက်ရန် အိမ်ရှင်များအတွက် ငွေကြေးထောက်ပံ့မှုဖြစ်သည်။ ဤထောက်ပံ့မှုသည် အိမ်ကို ဘေးကင်းသည့်၊ သန့်ရှင်းသည့်၊ လုံလောက်သည့် နေထိုင်မှုအဆင့်သို့ ရောက်သည်အထိ ပြန်ပြင်ရန်အတွက် ရည်ရွယ်ထားပါသည်။
    - FEMA မှ ဆန်းစစ်ချက်ပြီးနောက် သင့်မူရင်းနေအိမ်ကို နေထိုင်မရဟု သတ်မှတ်ခဲ့ပါက။
    - အိမ်ရာလိုအပ်ချက်ကို အာမခံထားခြင်း မရှိပါက။
- **အိမ်ငှားထောက်ပံ့မှု-** သင့်မူရင်းနေအိမ်တွင် ဘေးအန္တရာယ်ကြောင့် ထိခိုက်မှုများအား ပြင်ဆင်နေခိုက် သို့မဟုတ် မူရင်းနေအိမ်သို့ ရွှေ့ပြောင်းခိုက်တွင် ယာယီနေအိမ်ငှားရမ်းရန် ငွေကြေးထောက်ပံ့မှုဖြစ်သည်။
    - ဘေးအန္တရာယ်ကြောင့် အိမ်တွင်နေ၍မဖြစ်ပါ။
    - နေရာရွှေ့ပြောင်းရန် သဘောတူသူ။
    - အိမ်ရာလိုအပ်ချက်ကို အာမခံထားခြင်း မရှိသူ။
- **နေထိုင်စရိတ် ပြန်လည်ထောက်ပံ့မှု-** ယာယီနေထိုင်စရိတ်များအတွက် ပြန်အမ်းငွေ ထောက်ပံ့မှုဖြစ်သည်။
    - ဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှု အကြီးအကျယ်ဖြစ်ပြီး မူရင်းနေအိမ် ပျက်စီးသွားသည် သို့မဟုတ် ထိုနေအိမ်တွင် နေထိုင်၍ မဖြစ်နိုင်ပါ။
    - ငှားရမ်းနေထိုင်စရာ မရှိသည့်အတွက် သင့်လျော်သည့် သွားလာမှုအကွာအဝေးအတွင်း ယာယီနေထိုင်ရာ ရွေးစရာလုံးဝမရှိပါ။
- **သန့်ရှင်းရေးနှင့် ရှင်းလင်းရေး-** ရေလွှမ်းရေကြောင့် ထိခိုက်ခဲ့သည့် အိမ်များမှ အညစ်အကြေးများ ဖယ်ရှားရန်နှင့် မျက်နှာပြင်များကို ပိုးသတ်ရန် ဝန်ဆောင်မှုများ ရယူရန် ငွေကြေးထောက်ပံ့မှုဖြစ်သည်။
- **ရွှေ့ပြောင်းရန်နှင့် သိမ်းဆည်းရန် ကုန်ကျစရိတ်များ-** ပျက်စီးနေသည့် မူရင်းနေအိမ်အား ပြင်ဆင်နေခိုက် ပုဂ္ဂိုလ်ရေး ပိုင်ဆိုင်မှုများကို ယာယီ ရွှေ့ပြောင်းရန်နှင့် သိမ်းဆည်းရန်အတွက် ငွေကြေးထောက်ပံ့မှုဖြစ်သည်။ မရှိမဖြစ်လိုသည့် အိမ်သုံးပစ္စည်းများကို မူရင်းနေအိမ်အသစ်သို့ ရွှေ့ပြောင်းရန်အတွက်လည်း အကူအညီပေးနိုင်သည်။
- **ဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ ဆေးကုသမှုနှင့် သွားဘက်ဆိုင်ရာ ကုန်ကျစရိတ်များ-** www.disasterassistance.gov သို့ ဆက်သွယ်ပါ 800-621-3362 ကို ဖုန်းခေါ်ဆိုပါ
- **ရေလွှမ်းမိုးမှုဆိုင်ရာ ကုန်ကျစရိတ်များအတွက် အခြားရန်ပုံငွေများ-** အခြား အာမခံမထားသည့်၊ အာမခံနည်းသည့် ဘေးအန္တရာယ်ဆိုင်ရာ ကုန်ကျစရိတ်များနှင့် အရေးကြီး လိုအပ်ချက်များအတွက် ဝင်ရောက်ကြည့်ရှုလိုက်ပါ။

**အခြား ပုဂ္ဂိုလ်ရေးပိုင်ဆိုင်မှု ထိခိုက်ပျက်စီးမှု**

ပုဂ္ဂိုလ်ရေးပိုင်ဆိုင်မှု၊ ကားနှင့် အခြားပစ္စည်းများ ထိခိုက်မှု သို့မဟုတ် ဆုံးရှုံးမှုရှိလျှင် ၎င်းတို့ကို ဓာတ်ပုံရိုက်ခြင်း၊ စာရင်းပြုစုခြင်း၊ အသစ်လဲရန် ကုန်ကျစရိတ် ဖြတ်ပိုင်းမှန်သမျှကို သိမ်းဆည်းခြင်းများ လုပ်ပါ။ FEMA တွင် ရန်ပုံငွေ *ရှိနိုင်ပါသည်။* နောက်ထပ်အချက်အလက်များကို အထက်ပါ FEMA ပုဂ္ဂိုလ်ရေး ထောက်ပံ့မှုအခန်းတွင် ကြည့်ပါ။

**ရေနှင့် မိလ္လာ ပျက်စီးမှု**

သင့်ရေနှင့် မိလ္လာဝန်ဆောင်မှုတို့ ပျက်စီးခဲ့ပါက သင့်ဒေသတွင်း ဝန်ဆောင်မှုကုမ္ပဏီက ထိုဝန်ဆောင်မှုများ ပြန်ရရန် ပြင်ဆင်ပေးမည်။ ရေနှင့် မိလ္လာတို့ ကိုင်တွယ်ဖြေရှင်းမှုဆိုင်ရာ ပြဿနာများအကြောင်း အောက်တွင်အသေးစိတ် ဖော်ပြထားသည်။

- ရေကြိုချက်ရန်နှင့် မသောက်သုံးရန် အသိပေးချက်
- ရေလွှမ်းမိုးပြီးနောက် မိလ္လာနှင့် ရေဆိုးရေညစ် စီမံမှုစနစ်ဆိုင်ရာ လမ်းညွှန်ချက်
- ရေလွှမ်းပြီးနောက်- သောက်ရေဆိုင်ရာ လမ်းညွှန်ချက်

## ရေလွှမ်းမိုးမှုကြောင့် ကျွန်ုပ်အလုပ်ရှင်အပေါ် ထိခိုက်မှု သို့မဟုတ် အခြားထိခိုက်မှုတို့ကြောင့် အလုပ်မရှိတော့ပါ။ မည်သို့ဆက်လုပ်ရမည်နည်း။

- **အလုပ်လက်မဲ့ အာမခံ - အ**လုပ်မရှိတော့ခြင်း သို့မဟုတ် အလုပ်လုပ်ရန်နေရာ မရှိတော့ခြင်း၊ အလုပ်သို့ မသွားနိုင်ခြင်း၊ အလုပ်ခွင် ထိခိုက်ပျက်စီး၍ အလုပ်မလုပ်နိုင်ခြင်း သို့မဟုတ် ဘေးအန္တရာယ်ကြောင့် ဒဏ်ရာအနာတရဖြစ်၍ အလုပ်မလုပ်နိုင်ခြင်းတို့ အပါအဝင် ဘေးအန္တရာယ်ကြောင့်

သင်အလုပ်လက်မဲ့ဖြစ်လျှင် အလုပ်လက်မဲ့ အာမခံ၏ အကျိုးခံစားခွင့် ရှိနိုင်ပါသည်။ ဇူလိုင်လ 19 ရက်နေ့၊ ဗုဒ္ဓဟူးနေ့မှ စတင်ပြီး labor.vermont.gov/unemployment-insurance တွင် အွန်လိုင်းမှ စာရင်းပေးနိုင်သလို 877-214-3330 ကို ဖုန်းခေါ်ဆိုပြီး အလုပ်လက်မဲ့ အာမခံကြေး လျှောက်ထားမှုဆိုင်ရာ ထောက်ပံ့ရေးစင်တာသို့ ဆက်သွယ်နိုင်သည်။

- **ဘေးအန္တရာယ်ကြောင့် အလုပ်လက်မဲ့ဖြစ်မှုဆိုင်ရာ အကူအညီ -** အလုပ်လုပ်မဲ့ အာမခံ အကျိုးခံစားခွင့်ကို သမားရိုးကျအတိုင်း ခံစားခွင့်မရှိသော်လည်း ဘေးအန္တရာယ်ကြောင့် သင့်အလုပ်အကိုင် ထိခိုက်ခဲ့ပါက ဘေးအန္တရာယ်ကြောင့် အလုပ်လက်မဲ့ဖြစ်မှုဆိုင်ရာ အကူအညီ (DUA) တွင် အကျုံးဝင်နိုင်သည်။ အလုပ်သမားရေးရာဌာနသည် ဇူလိုင်လ 17 ရက်နေ့ ရက်သတ္တပတ်မှ စတင်ပြီး DUA ဆိုင်ရာ ထပ်ဆောင်းလမ်းညွှန်ချက်များ ထုတ်ပြန်သွားမည်ဖြစ်ပြီး https://labor.vermont.gov/disaster-unemployment-assistanceတွင် စာရင်းပေး၍ နောက်ဆုံးရသတင်းများ ရယူနိုင်ပါသည်။

## ရေလွှမ်းမိုးမှုကြောင့် အခြားကုန်ကျစရိတ်များ သို့မဟုတ် ဝန်ဆောင်မှုများအတွက် အကူအညီလိုနေပါသည်။ မည်သို့ဆက်လုပ်ရမည်နည်း။

- **ဗားမောင့်ပြည်နယ် ကလေးစောင့်ရှောက်ရေး ဖုန်းလိုင်း VT-** 800-649-2642 ကို ဖုန်းခေါ်ဆိုပါ
- **အရေးပေါ်ထောက်ပံ့မှု-** 800-775-0516 ကို ဖုန်းခေါ်ဆိုပါ
- **အမြဲသုံးရသည့်ကား ထိခိုက်ပျက်စီးမှု-** www.disasterassistance.gov သို့ သွားရောက်ကြည့်ရှုပါ သို့မဟုတ် 800-621-3362 ကို ဖုန်းခေါ်ဆိုပါ
- **ဘေးအန္တရာယ်နှင့် စပ်လျဉ်းသည့် ဈာပနနှင့် မြှုပ်နှံမှု ကုန်ကျစရိတ်များ-** www.disasterassistance.gov သို့ သွားရောက်ကြည့်ရှုပါ သို့မဟုတ် 800-621-3362 ကို ဖုန်းခေါ်ဆိုပါ
- **ဘေးအန္တရာယ်နှင့် စပ်လျဉ်းသည့် ကလေးစောင့်ရှောက်မှု ကုန်ကျစရိတ်-** www.disasterassistance.gov သို့ သွားရောက်ကြည့်ရှုပါ သို့မဟုတ် 800-621-3362 ကို ဖုန်းခေါ်ဆိုပါ
- **Medicaid နှင့် ဆေးညွှန်းစာ အကူအညီ-** www.info.healthconnect.vermont.gov/find-local-help သို့ သွားရောက်ကြည့်ရှုပါ သို့မဟုတ် 855-899-9600 ကို ဖုန်းခေါ်ဆိုပါ
- **ဗားမောင့်ပြည်နယ် ကြက်ခြေနီ-** www.redcross.org/local/me-nh-vt/get-help.html သို့ သွားရောက်ကြည့်ရှုပါ သို့မဟုတ် 855-891-7325 ကို ဖုန်းခေါ်ဆိုပါ
- **ဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ ဆေးကုသမှုနှင့် သွားဘက်ဆိုင်ရာ ကုန်ကျစရိတ်များ-** www.disasterassistance.gov သို့ ဆက်သွယ်ပါ 800-621-3362 ကို ဖုန်းခေါ်ဆိုပါ

## ကျွန်ုပ်၏ စီးပွားရေးလုပ်ငန်း သို့မဟုတ် ပရဟိတလုပ်ငန်း ထိခိုက်ခဲ့ရသည်။ ကျွန်ုပ်အတွက် မည်သည့်ရင်းမြစ်များ ရနိုင်မည်နည်း။

စီးပွားရေးနှင့် ပရဟိတ လုပ်ငန်းများသည် FEMA ၏ ပုဂ္ဂိုလ်ရေး ထောက်ပံ့မှု အစီအစဉ်တွင် အကျုံးမဝင်သော်လည်း အချို့ ငွေကြေးထောက်ပံ့မှုများ ရနိုင်ပါသည်။

- **စီးပွားရေးလုပ်ငန်းပိုင် ပစ္စည်းနေရာ ထိခိုက်ပျက်စီးမှု-** အကျုံးဝင်သည့် စီးပွားရေးနှင့် ပရဟိတ လုပ်ငန်းများသည် ချေးငွေ $2 သန်းအထိ ရနိုင်သည်။ disasterloanassistance.sba.gov/ela/s/ သို့ သွားရောက်ကြည့်ရှုပါ သို့မဟုတ် 800-659-2955 ကို ဖုန်းခေါ်ဆိုပါ။
    - အကျုံးဝင်မှု- ဘေးအန္တရာယ် ကျရောက်ရာဒေသတွင် တည်ရှိပြီး ဘေးအန္တရာယ်အတွင်း ထိခိုက်ပျက်စီးခဲ့သည့် စီးပွားရေးလုပ်ငန်း အရွယ်အစားမရွေး၊ ပုဂ္ဂလိက ပရဟိတ အဖွဲ့အစည်း အများစု
    - ရင်းမြစ်များကို လက်တွေ့ပိုင်ဆိုင်မှုများ၊ စက်ယန္တရား၊ ပစ္စည်းကိရိယာ၊ တန်ဆာပလာများ၊ လက်ဝယ်ရှိကုန်စည်များ ပြင်ဆင်ရန်၊ အသစ်လဲရန်နှင့် ငှားရမ်းဆိုင်ခန်း/နေရာကို ပြုပြင်မှုများအတွက် အသုံးပြုနိုင်သည်။
- **စီးပွားရေး (ပစ္စည်းနေရာမဟုတ်ဘဲ) ထိခိုက်မှုဆိုင်ရာ အကူအညီ-** အကျုံးဝင်သည့် အသေးစား စီးပွားရေးလုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးရေး သမဝါယမ အသင်းများနှင့် ပုဂ္ဂလိက ပရဟိတ အဖွဲ့အစည်း အများစုသည် ပစ္စည်းနေရာမဟုတ်ဘဲ အခြားထိခိုက်မှုများအတွက် ထပ်တိုးအကူအညီများ ရယူနိုင်သည်။ disasterloanassistance.sba.gov/ela/s/ သို့ သွားရောက်ကြည့်ရှုပါ သို့မဟုတ် 800-659-2955 ကို ဖုန်းခေါ်ဆိုပါ။

## ကျွန်ုပ်၏လယ်ယာမြေကို ထိခိုက်မှုဖြစ်ခဲ့သည်။ ကျွန်ုပ်အတွက် မည်သည့်ရင်းမြစ်များ ရနိုင်မည်နည်း။

သင့်လယ်ယာမြေ ထိခိုက်ပျက်စီးမှုများ ရှိပါက အောက်ပါတို့ အပါအဝင် ထောက်ပံ့မှုရယူနိုင်ရန် နည်းလမ်းများစွာ ရှိပါသည်-

- **လယ်ယာစိုက်ပျိုးရေးမြေဆိုင်ရာ အကူအညီပေး VT အေဂျင်စီ-** နောက်ထပ် အချက်အလက်များအတွက် agr.floodresponse@vermont.gov သို့ အီးမေးလ်ပို့ပါ သို့မဟုတ် 802-828-5667 ကို ဖုန်းခေါ်ဆိုပါ။
- **လယ်သမားများအတွက် အရေးပေါ်ရန်ပုံငွေ-** နောက်ထပ် အချက်အလက်များအတွက် www.nofavt.org/farmer-emergency-fund သို့ သွားရောက်ကြည့်ရှုပါ သို့မဟုတ် 802-434-4122 ကို ဖုန်းခေါ်ဆိုပါ။
- **အရေးပေါ်ချေးငွေ-** နောက်ထပ် အချက်အလက်များအတွက် www.vtfarmfund.org/emergency-loan သို့ သွားရောက်ကြည့်ရှုပါ သို့မဟုတ် 802-560-3099 ကို ဖုန်းခေါ်ဆိုပါ။
    - အကျုံးဝင်သည့် လျှောက်ထားသူများသည် မျှော်လင့်မထားသည့် သဘာဝဘေးအန္တရာယ်တစ်ခုကြောင့် အကြီးအကျယ် ဆုံးရှုံးမှုများ ကြုံခဲ့ရပြီး ၎င်းတို့၏ လယ်ယာ သို့မဟုတ် လယ်လုပ်ငန်းအတွက် အကျပ်အတည်းများနှင့် ရင်ဆိုင်နေရသည့် ဗားမောင့်ပြည်နယ်မှ လယ်သမား သို့မဟုတ် အစားအစာထုတ်လုပ်သူများ ဖြစ်ရမည်ဖြစ်ပြီး အဆောက်အဦ၊ တိရိစ္ဆာန်၊ ပစ္စည်းကိရိယာ၊ ဖန်လုံအိမ်နှင့် မြက်ခြောက်ခင်းများအတွက် အသုံးပြုနိုင်ပါသည်။
- **USDA သဘာဝဘေး အထောက်အပံ့-** https://www.fsa.usda.gov/programs-and-services/disaster-assistance-program/index သို့ သွားရောက်ကြည့်ရှုပါ သို့မဟုတ် 855-794-3676 ကို ဖုန်းခေါ်ဆိုခြင်း ပြုလုပ်ပါ။ USDA သည် မွေးမြူရေးတိရိစ္ဆာန်များ၊ လယ်ယာမြေ၊ ငွေကြေးထိခိုက်မှုနှင့် ကောက်ပင်သီးနှံ ဆုံးရှုံးမှုများအတွက် ကျခံပေးနိုင်သည်။

## ကျွန်ုပ်သည် ရေလွှမ်းမှုကြောင့် ဝန်ထမ်းများကို အလုပ်ထုတ်ရမည့် အလုပ်ရှင်တစ်ဦးဖြစ်သည်။ ၎င်းတို့ လိုအပ်သည့် အလုပ်လက်မဲ့ အကျိုးခံစားခွင့်များ သေချာရစေရန် ကျွန်ုပ်မည်သို့လုပ်ရမည်နည်း။

သင့်အလုပ်ကို ယာယီပိတ်ပြီး သင့်လုပ်သားများကို အလုပ်ဖြုတ်ရန် လိုအပ်သလား။ သင့်ဝန်ထမ်းများကို အလုပ်လုပ်မဲ့ဖြစ်မှုအတွက် ဤသို့ကြိုတင်ပြင်ဆင်ပေးနိုင်သည်-

- အလုပ်ရှင်များသည် အလုပ်သမားများအား အလုပ်ဖြုတ်ရာတွင် အလုပ်သမားရေးရာဌာနသို့ ဆက်သွယ်ရန် မလိုအပ်ပါ။
- အလုပ်သမားများကို အလုပ်သမားရေးရာဌာန၏ အလုပ်လက်မဲ့ အာမခံကြေး လျှောက်ထားမှုစင်တာသို့ 877-214-3330 ကို ဖုန်းခေါ်၍ (တနင်္လာနေ့မှ သောကြာနေ့အထိ၊ နံနက် 8:30 - ညနေ 4:30 အထိ) ဆက်သွယ်ရန် အကြံပေးပါ။ ထို့ပြင် အလုပ်သမားရေးရာဌာနသို့ ဖုန်းဆက်မရသူများ ရှိပါက ဇူလိုင်လ 19 ရက်၊ ဗုဒ္ဓဟူးနေ့မှစပြီး https://labor.vermont.gov မှတစ်ဆင့် အလုပ်လက်မဲ့ အာမခံကြေးကို အွန်လိုင်းမှ လျှောက်ထားနိုင်မည်ဖြစ်သည်။
- 10 ပတ်နှင့်အောက် ယာယီအလုပ်ဖြုတ်ခံရသည့် ဝန်ထမ်းများအတွက် အလုပ်ရှာရန် သတ်မှတ်ထားခြင်း မရှိပါ။ အကျိုးခံစားခွင့် လျှောက်ထားသူများသည် အလုပ်ရှာရန် သတ်မှတ်ချက်ကို ပလပ်ပေးရန်အတွက် အလုပ်ပြန်ဝင်ရမည့် ခန့်မှန်းရက်ကို ဖော်ပြပေးရန် လိုအပ်ပါသည်။

## ဘယ်လိုကူညီနိုင်မလဲ

---

### လှူဒါန်းရန်

ဤအဆင့်တွင် ငွေသားဖြင့် လှူဒါန်းရန် အကြံပြုလိုပါသည်။ လှူဒါန်းနိုင်ရန် ဗားမောင့်ပြည်နယ် ရပ်ရွာအသိုင်းအဝိုင်း ဖောင်ဒေးရှင်း သို့မဟုတ် ဗားမောင့်ပြည်နယ် ဘေးအန္တရာယ် နားလန်ထူရေး ရန်ပုံငွေ သို့ သွားရောက်ပါ။

အစားအစာ သို့မဟုတ် တစ်ကိုယ်ရေသုံးပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် ဒေသတွင်း အရာရှိများနှင့် ပရဟိတအဖွဲ့များသို့ ဆက်သွယ်ပြီး ၎င်းတို့က လက်ခံမည်ဖြစ်ကြောင်း အသိပေးမှသာ၊ လိုအပ်ကြောင်း ကြေညာမှသာ လှူဒါန်းစေလိုပါသည်။

လှူဒါန်းမှုများနှင့် စပ်လျဉ်း၍ အခြားအချက်အလက်များနှင့် လင့်ခ်များကို အဆောက်အဦးနှင့် အထွေထွေဝန်ဆောင်မှု ရေကြီးခြင်းဆိုင်ရာ စာမျက်နှာ သို့ ဝင်ရောက်၍ဖြစ်စေ၊ 802-828-1525 နှင့် donations@vermont.gov သို့ ဖုန်းခေါ်၍၊ အီးမေးလ်ပို့၍ဖြစ်စေ ရယူနိုင်ပါသည်။

**အကူအညီပေးလိုသည့် လုပ်ငန်းများ-** Monica.Hutt@vermont.gov နှင့် Victoria.biondolillo@vermont.gov တို့ထံ အီးမေးလ်ပို့ပါ။

## စေတနာ့ဝန်ထမ်း

စေတနာ့ဝန်ထမ်းများ လိုအပ်နေပါသည်။ SerVermont အဖွဲ့က ပြည်နယ်တစ်လျှောက်မှ ရပ်ရွာများသို့ သင့်အားစေလွှတ်တာဝန်ပေးနိုင်ရန် www.vermont.gov/volunteer တွင် စာရင်းပေးပါ။

စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်နိုင်မည့် အခြားအခွင့်အလမ်းများတွင် အောက်ပါတို့ ပါဝင်သည်-

- **ဗားမောင့်ပြည်နယ် ရပ်ရွာအသိုင်းအဝိုင်း ဖောင်ဒေးရှင်း-** 802-388-3355 ကို ဖုန်းခေါ်ဆိုပါ
- **VT ရေလွှမ်းမိုးမှု တုံ့ပြန်ရေးနှင့် နာလန်ထူရေး ရန်ပုံငွေ-** VT Flood Response (vermontcf.org) သွားရောက်ကြည့်ရှုပါ
- **United Way** (ပြည်နယ်အတွင်း နယ်မြေတိုင်းတွင် United Ways နယ်ခံအဖွဲ့များ ရှိပါသည်)- United Ways in Vermont | United Way Worldwide သို့ သွားရောက်ကြည့်ရှုပါ
- **နယူးအင်္ဂလန် မြောက်ပိုင်းဒေသ အမေရိကန် ကြက်ခြေနီအဖွဲ့- 8**00-464-6692 ကို ဖုန်းခေါ်ဆိုပါ သို့မဟုတ် American Red Cross | Help Those Affected by Disasters သို့ သွားရောက်ကြည့်ရှုပါ
- **ဗားမောင့်ပြည်နယ် Food Bank-** 800-585-2265 ကို ဖုန်းခေါ်ဆိုပါ သို့မဟုတ် NoKidHungry.org သို့ သွားရောက်ကြည့်ရှုပါ
- **ဗားမောင့်ပြည်နယ် လယ်ယာရန်ပုံငွေ-** လယ်ယာစီးပွားရေးစင်တာ (hardwickagriculture.org)